# ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲမှု (၂)

## အများပြည်သူနှင့်ဆိုင်သော အပိုင်း၌ စွမ်းရည်ရှိခြင်း

အစိုးရတစ်ရပ်အပေါ်ယုံကြည်စိတ်ချရမှု တိုးပွားလာစေရန်အများပြည်သူနှင့်ဆိုင်သောအပိုင်း၌ပြည်သူလူထု၏ အခွင့်အရေးကို ကာကွယ်ပေးရန်၊ အခွန်ငွေနှင့် အခြားအရင်းအမြစ်များကို အရည်အချင်းရှိရှိ အသုံးပြုရန်နှင့် အခြေခံလူမှုရေးဝန်ဆောင်မှုများ မျှဝေခံစားရရှိနိုင်ရန်တို့လိုအပ်ပါသည်။




**ပုံ(၁)– ယုံကြည်စိတ်ချရမှုအယူအဆမူဘောင်**

လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်အတွင်းက အများပြည်သူဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်ရှိခြင်းသည် အာရှတိုက်နိုင်ငံများမှ စီးပွားရေးဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရေးကြီးဆုံးစိန်ခေါ်မှုတစ်ရပ် ဖြစ်ခဲ့ပါသည်။ ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှု၊ သတင်းအချက်အလက်နည်းပညာအသစ်များ ပေါ်ထွန်းလာမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေး ကျယ်ပြန့်လာမှု၊ လူ့အခွင့်အရေးသဘာဝပတ်ဝန်းကျင်ရေးရာစသည့် အများပြည်သူဆိုင်ရာ ကောင်းကျိုးလုပ်ငန်းများအပေါ် အာရုံစူးစိုက်သည့်လုပ်ငန်းများတိုးတက်လာမှု၊ ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းကြီးများသည်နိုင်ငံအဆင့်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်လာမှုတို့ကြောင့် အများပြည်သူဆိုင်ရာအပိုင်းသည် ပို၍ကြီးမားသောဖိအားများ၏ ဒဏ်ကိုခံနိုင်ရန်အတွက်ပို၍စွမ်းရည်မြင့်မားရန်လိုအပ်ပါသည်။အများပြည်သူဆိုင်ရာအပိုင်းသည်ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုမှအခွင့်အရေးများကို အကျိုးအရှိဆုံး အသုံးချနိုင်ရမည်သာမက ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုမှပင် စတင်ပေါ်ပေါက်လာခဲ့သော ဆိုးကျိုးများကိုလည်း မိမိတို့လူ့အဖွဲ့အစည်းအတွင်းသို့ မဝင်ရောက်နိုင်ရန် လုံခြုံရေးကွန်ယက်ချထား နိုင်ရပါမည်။

**လက်အောက်သို့အာဏာဖြန့်ခွဲခြင်းနှင့် ဒေသန္တရအုပ်ချုပ်ရေးသည် အစိုးရအား ပြည်သူလူထုနှင့် ပို၍နီးကပ်မှုရှိစေသည်**

လူထု၏အသံ လူထု၏တောင်းဆိုမှုသည် ပိုမိုထိရောက်မှုရှိစေပြီး လူထုအဖွဲ့အစည်းအသိုက်အဝန်းသည် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အဆင့်တိုင်း၌ တက်ကြွစွာပါဝင်ခွင့်ရရှိစေပါသည်။ ဤနည်းဖြင့်အစိုးရအပေါ်ယုံကြည်စိတ်ချရမှုပိုရရှိစေပါသည်။ စစ်ဆေးခြင်းနှင့် ထိန်းကျောင်းခြင်းစနစ် (check and balance system) ကို ဖန်တီးပေးနိုင်သည်။

လွန်ခဲ့သောဆယ်စုနှစ်အနည်းငယ်မှစတင်၍ နိုင်ငံများစွာသည် မူဝါဒနှင့်လုပ်ငန်းစဉ်များကို လက်အောက်သို့အာဏာခွဲဝေပေးခဲ့ကြသည်ကိုတွေ့ရပါသည်။ဘဏ္ဍာရေးအခွင့်အာဏာများကိုလည်း ဗဟိုမှဒေသဆိုင်ရာသို့လွှဲပြောင်းပေးခဲ့ကြပါသည်။ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက်ပိုင်း လူမျိုးစုပဋိပက္ခတိုးပွားလာခြင်း၊ ယဉ်ကျေးမှုဘာသာရေးဒေသထုံးတမ်းစဉ်လာများကို အသိအမှတ်ပြုပေးရန် တောင်းဆိုမှုကြီးထွားလာခြင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏လှုပ်ရှားဆောင်ရွက်မှုများတိုးတက်လာခြင်းတို့ကို သတိပြုသင့်ပါသည်။ တစ်ချိန်တည်းမှာပင် ဒေသန္တရမူဝါဒရေးရာလုပ်ငန်းစဉ်များ အပေါ်ပိုမိုထိန်းချုပ်ခွင့်၊ ထင်သာမြင်သာပိုရှိရန် ၊ ဝန်ဆောင်မှုများပိုရရှိရန်နှင့်မူဝါဒရေးရာဆုံးဖြတ်ရာတွင် ပိုမိုပွင့်လင်းရန် တောင်းဆိုမှုများလည်း ရှိလာသည်ကို တွေ့ရပါသည်။

လက်အောက်သို့ အာဏာဖြန့်ခွဲပေးခြင်း၏ ရလဒ်များသည် အကောင်းအဆိုးရောထွေးဖြစ်ပေါ်လာခဲ့သည်ဟု ဆိုရပါမည်။ လက်အောက်သို့ အာဏာဖြန့်ခွဲပေးရေးမူဝါဒကို လက်မခံသူများကမူ ဒေသန္တရအစိုးရများက လူ့ မလိုင်အလှူဖန်တီးခြင်း၊ငွေရေးကြေးရေးနှင့်စီမံအုပ်ချုပ်မှု စွမ်းရည်အားနည်းမှုကြောင့်ပြဿနာများပေါ်ခြင်း၊ ဒေသအလိုက်စီးပွားရေးနှင့်လူမှုရေးကွာဟချက်ကြီးမားလာခြင်း၊ ဒေသများတွင် အကျင့်ပျက်ခြစားမှုကြီးထွားလာခြင်းနှင့် ဆွေမျိုးကောင်းစားရေးဝါဒဖြစ်ထွန်းလာခြင်းတို့ကို ထောက်ပြကြသည်။

ထို့ကြောင့် လက်အောက်သို့ အာဏာဖြန့်ခွဲပေးခြင်း လုပ်ငန်းစဉ်များကို စီစဉ်ခြင်းနှင့် အကောင်အထည်ဖော်ပြခြင်းပြုသော နည်းလမ်းသည် အစိုးရအား ယုံကြည်စိတ်ချရမှုတိုးပွားရန် သို့မဟုတ် တွန့်ဆုတ်ရန်ဖြစ်စေပါသည်။ အထူးသဖြင့် ဖြန့်ခွဲပေးထားသော အုပ်ချုပ်ရေးအတွက် ဥပဒေမူဘောင်၊ ဗဟိုနှင့်ဒေသန္တရအစိုးရများအကြားလုပ်ပိုင်ခွင့်နှင့်အရင်းအမြစ်များ ခွဲဝေပေးခြင်းလုပ်ငန်း၊ ဒေသန္တရအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ဆက်ဆံရေးတို့သည် ပို၍ အရေးကြီးပါသည်။

## ရွေးကောက်ပွဲနှင့် လွှတ်တော်လုပ်ငန်းစဉ်များတွင်ပါဝင်မှု

လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲ၊ အုပ်ချုပ်ရေးအပိုင်းအပေါ်သို့ လွှတ်တော်၏ ကြီးကြပ်ရေး လုပ်ငန်း နှင့် သတင်းလွတ်လပ်ခွင့်တို့သည် ပြည်သူလူထုနှင့်အစိုးရအကြား ယုံကြည်စိတ်ချရမှုတိုးပွားစေရန် လိုအပ်သော အခြေအနေများဖြစ်ကြသည်။ လူနည်းစု ကိုယ်စားလှယ်များနှင့် စီးပွားရေးနိမ့်ကျသော ဒေသများမှ ကိုယ်စားလှယ်များသည် အမျိုးသားအဆင့် နှင့် ဒေသန္တရအဆင့် နိုင်ငံရေးပါတီများမှ လုံလုံလောက်လောက် ပါဝင်လာခြင်းဖြင့်ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ မျှတမှုကို ဖော်ပြရာရောက်စေပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ အကြား တက်ကြွစွာအမြင်ဖလှယ်ခြင်း၊ တင်ပြဆွေးနွေးကြခြင်းတို့သည် နိုင်ငံရေးရာနှင့်ပတ်သက်၍ တရားဝင် အခွင့်အာဏာရှိမှုကို မြှင့်တင်ပေးရာရောက်ပြီး အစိုးရအပေါ်တွင်လည်း ယုံကြည်စိတ်ချရမှုပိုမိုရရှိစေပါသည်။ အုပ်ချုပ်ရေးအပိုင်းနှင့် ဥပဒေပြုမှုအပိုင်း အဆင်ပြေချောမွေ့စွာအလုပ်လုပ်သော ဆက်ဆံရေးအခြေအနေ ရှိနေခြင်း သည် အစိုးရအပေါ် ယုံကြည်မှု တိုးတက်စေပါသည်။ အာရှပစိဖိတ်ဒေသဖွံ့ဖြိုးဆဲနိုင်ငံများစွာတွင် ရွေးကောက်ပွဲနှင့် လွှတ်တော်လုပ်ငန်းစဉ်တို့၌ ကန့်သတ်ချက်များစွာရှိပါသည်။ ဂျပန်၊ တောင်ကိုရီးယား နှင့် အိန္ဒိယတို့၌ ရင့်ကျက် သော ဒီမိုကရေစီစနစ်၏နမူနာများကိုတွေ့ရှိရသော်လည်း ဒေသတွင်းရှိ အခြားနိုင်ငံများ၌ လွှတ်တော်ကိုယ်စားလှယ် များနှင့် မဲဆန္ဒရှင်များအကြား ဆက်စပ်မှု၌အကန့်အသတ်ရှိခြင်းကိစ္စ၊ လွှတ်တော်အတွင်း စွမ်းဆောင်ရည် အားနည်းခြင်းကိစ္စ၊ သမိုင်းအစဉ်အလာအရ အုပ်ချုပ်ရေးအပိုင်းက ဥပဒေပြုရေးအပိုင်း အပေါ် ထိန်းချုပ်ခြင်းကိစ္စနှင့် အခြေခံအဆောက်အအုံ၏ အားနည်းချက်ကြောင့် အပေါ်ယံအမြင်လျှံခြင်းကိစ္စ တို့ရှိနေကြပါသည်။ ဘတ်ဂျက်ကိစ္စ တွင် လွှတ်တော်က ထိန်းချုပ်နိုင်မှုအားနည်းချက်သည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်တွင် လွှတ်တော်၏ ထိရောက်မှု ကိုကန့်သတ်ရာကျပါသည်။ သစ်လွင်သော ဒီမိုကရေစီနိုင်ငံများတွင် နိုင်ငံရေးအရ သည်းခံနိုင်သော ယဉ်ကျေးမှု အားနည်းခဲ့လျှင် ပြည်သူလူထု၏ အဆိုးမြင်မှုကို ဖြစ်စေနိုင်ပါသည်။